# ပဟေဠိ ရွေးချယ်ရန် ၁ - ဗွီရှင် အား လက်တွေ့ပုံဖော်ခြင်း (အင်ဒိုနီးရှား)

မှတ်သားရန် - အဖြစ်နိုင်ဆုံးအဖြေကိုသာရွေးချယ်ပါ။ အချို့အဖြေများမှာ လုံးလုံး အမှားမဟုတ်ပါ။ ထို့ထက်ပိုကောင်းသည့် အဖြေရှိနိုင်ပါသည်။ ဟပဟေဠိများနှင့် ပတ်သက်သည့် ဖြေရှင်းချက်များနှင့် အဖြေများအတွက် discussion forum သို့သွားပါ (ပို့စ်အသစ်တင်တိုင်း ပဟေဠိများ၏ ခေါင်းစဉ် "ပဟေဠိ ဆွေးနွေးရန်" တွင် တင်ပါ။)

မှတ်သားရန် - ပဟေဠိများကို မဖြေမီ ကေ့စ်အား ဖတ်ပါ။

## ဗွီရှင်အား လက်တွေ့ပုံဖော်ခြင်း

ပဟေဠိ ရွေးချယ်ရန် ၁ - အင်ဒိုနီးရှား

မေးခွန်း၁

ကျွန်တော်တို့သည် သမ္မတရုံးများ သို့ ဂန်ကြီးချုပ်ဂိုးများ၏ စွမ်းရည်ကို အကဲဖြတ်ရန် အခြားရုံးများလောက် မစဉ်းစားခဲ့ကြပေ။ ထိုရုံးများသည်လည်း အလွန်အရေးကြီးပါသည်။ အောက်ပါတို့မှ မည်သည့် အချက်သည် အဆိုပါ ရုံးများအောင်မြင်မှုကို မတိုင်းတာနိုင်သနည်း။

- အစိုးရ ထိပ်တန်းခေါင်းဆောင်များသည် မဟာဗျူဟာ ဦးစားပေးများ ပြည့်မှီမှု ရှိမရှိ
- မူဂါဒသစ်များသည် ခန့်မှန်းခြေထက် ကုန်ကျစရိတ် ပိုများနေခြင်း
- ကတ်ဘိနက် အာဂျင်ဒါတွင် အုပ်ချုပ်ရေး သီးသန့်ကိစ္စများ၏ ပမာဏသည် မဟာဗျူဟာ ဦးတည်ချက်များကို မည်သို့ရရှိမည်ကို ရွေးချယ်မှုများနှင့် နှိုင်းယှဉ်ခြင်း
- အရေးကြီးသူများ သို့မဟုတ် ဥပဒေ စိန်ခေါ်မှုများကြောင့် တရားရုံးများ ပါဂင်နေသည့် မူဂါဒအသစ်များ ပမာဏ
- ဂန်ကြီးဌာနအချင်းချင်း ညှိနှိုင်း အစည်းအဝေးအရေအတွက်သည် အချို့ ကတ်ဘိနက်များအတွက် အရေးကြီးသည့် အချက်ဖြစ်သည်။

မေးခွန်း ၂

သမ္မတရုံး သို့မဟုတ် ဂန်ကြီးချုပ်ရုံးဖြစ်သည့် ကတ်ဘိနက်ရုံး၏ အဓိက တာဂန်မှာ ဆုံးဖြတ်မှုအရည်အသွေး ကောင်းမွန်လာစေရန်ဖြစ်သည်။ ကတ်ဘိနက် ဂန်ကြီးများအား တခါတရံ အတွင်းဂန်များ၊ ဌာနအကြီးအကဲများသည် အချင်းချင်း မူဂါဒရွေးချယ်မှုများ ပြုလုပ်ကြရသည်။ ဂန်ကြီးတိုင်းသည် သူဆုံးဖြတ်ချက်အတွက် လိုအပ်သည့် သတင်းအချက်အလက် ရရန် လိုအပ်ပါသည်။ အောက်ပါတို့မှ မည်သည့်အချက်သည် ကတ်ဘိနက် ရုံးများ သတင်းအချက်အလက်အရည်အသွေးကောင်းမွန်လာစေရန် ဆောင်ရွက်ပေးသနည်း။ (သင့်လျော်ရာ အားလုံးရွေးချယ်ပါ။)

- ရုံးသည် ပြဿနာ အဓိပ္ပာယ်များနှင့် ရွေးချယ်ရန်များကို ဆန်းစစ်နိုင်ရန် ဂန်ကြီးဌာနများ၏ တင်ပြမှုများကို သုံးသပ်ရသည်။
- ရုံးသည် ဂန်ကြီးဌာန တစ်ခုစီသည် ဥပဒေကြောင်းအရလည်းကောင်း၊ ဘဏ္ဍာရေးအရလည်းကောင်း ဆောင်ရွက်ကြောင်း စစ်ဆေးသည်။ ဂန်ကြီးဌာနသည် သက်ဆိုင်သည့် ပါဂင်သူများအားလုံးနှင့် ဆွေးနွေးတိုင်ပင်မှု ရှိမရှိကို စစ်ဆေးသည်။ ထိုအခန်းကဏ္ဍများတွင်လည်း ပါဂင်ဆောင်ရွက်သည်။
- ရုံးသည် စာတမ်းများသည် ရှင်းလင်းစွာ စာစီထားပြီး နားလည်မှုရှိမရှိကို စစ်ဆေးသည်။ ရုံး စာ နမူနာတွင် အချက်အလက်များကို ညာဘက်ထောင့်တွင်ထားခြင်းဖြင့် ဂန်ကြီးများအပေါ် ဖိအားလျော့စေသည်။

မေးခွန်း၃

အင်ဒိုနီးရှားတွင် သမ္မတနှင့် သူ၏ အဓိက အကြံပေးများသည် ဂန်ကြီးများ ပူးပေါင်းဆောင်ရွက်ရေးနှင့်

အမျိုးသားရေး ၄င်းတို့ပါတီ မဲဆန္ဒနယ်မြေများ၏ အကျိုးထက် အမျိုးသားရေး ဦးတည်ချက်များကိုသာ အာရုံစိုက်စေရန် ရင်ဆိုင်ခဲ့ကြရသည်။ အောက်ပါတို့မှ မည်သည့်အချက်သည် ဂန်ကြီးများ ပူးပေါင်းဆောင်ရွက်စေရန် ခက်ခဲသည့် အဓိက အကြောင်းရင်းဖြစ်သနည်း။

- ထိုအချိန်က နိုင်ငံရေးပါတီ အများအပြားရှိပြီး နိုင်ငံရွေးကောက်ပွဲစနစ်အရ ပါတီများသည် ညွန့်ပေါင်းဖြစ်ရန် လိုအပ်သည်။ ညွန့်ပေါင်းများသည် မတည်ငြိမ်ကြပေ။ သို့သော် နိုင်ငံရေးသမားများသည် ၄င်းတို့ လွတ်လပ်မှုကို ထိန်းသိမ်းလိုကြသည်။
- ရှည်လျားသည့် အငြင်းပွားမှုများနှင့် အနာဂတ်အစည်းအဝေးများတွင် ပြဿနာများသို့ ပြန်လည်ရောက်ရှိလာသည့် ဆုံးဖြတ်ချက်များဖြစ်နေသည်။ အကြောင်းမှာ ဖြစ်စဉ် အစောပိုင်းကာလများတွင် ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးညှိနှိုင်းမှု အားနည်းသောကြောင့်ဖြစ်သည်။

မေးခွန်း၄

တာဝန်ထမ်းဆောင်သူ ၁၆နေရာအတွက် မှန်ကန်သည့်လူများ ရွေးချယ်ရန် အလွန်အရေးကြီးသည်။ ကတ်ဘိနက်ရုံး မူဝါဒဆန်းစစ်သည့် တာဝန်သည် အလွန်ထိလွယ်ရှလွယ်သည်။ ဂန်ထမ်းများသည် ငယ်ရွယ်ပြီး ဂန်ကြီး သို့ ဒုဂန်ကြီးနှင့် သင့်လျော်သည့် အတွေ့အကြုံ နည်းပါးကြသည်။ အင်ဒိုနီးရှားကေ့စ်တွင် ဌာန အကြီးအကဲသည် အဆိုပါ တာဝန်များအတွက် ရွေးချယ်ရန် မည်သည့်အဆင့်များ ဆောင်ရွက်ခဲ့သနည်း။ (သင့်လျော်ရာအားလုံးရွေးချယ်ပါ။)

- Kuntoro က စဉ်းစားသည်မှာ ဂန်ထမ်းများသည် မည်သည့် ပါတီဝင်မှ မဖြစ်ရန်လိုသည်။ အကြောင်းမှာ သမ္မတသည် တခါတရံ တင်းမာသည့် နိုင်ငံရေးပတ်ဝန်းကျင်တွင် ညွန့်ပေါင်းများကို ကိုင်တွယ်ရသဖြင့် ဦးစားပေးသည့် လက္ခဏာများရှိလျှင် အဆိုပါယူနစ်၏ လုပ်ဆောင်မှုကို အားနည်းစေသည်။ ရွေးချယ်သော လူများသည် ထိပ်တန်းတက္ကသိုလ်ကြီးများမှ ဘွဲ့ရများဖြစ်ကြသည်။
- Kuntoro သည် လွတ်လပ်စွာ အလုပ်လုပ်နိုင်သော တီထွင်ဖန်တီးနိုင်သည့် ပြဿနာဖြေရှင်းသူများကို အလိုရှိခဲ့သည်။
- Kuntoro သည် သူသိသည့် သူများ သို့မဟုတ် ယုံကြည်ရသူများက ထောက်ခံသူများကိုသာ ရွေးချယ်လိုသည်။ ထိုနည်းလမ်းဖြင့် လျှောက်လွှာနှင့် အင်တာဗျူးများမှတဆင့်ရွေးချယ်သည့်ထက် ပုဂ္ဂိုလ်ရေးနှင့် ထက်မြက်မှုတို့အတွက် ပိုသိရှိနိုင်သည်။ အုပ်စုဖွဲ့သည့် ပတ်ဝန်းကျင်တွင် ပုဂ္ဂိုလ်ရေး ဆက်ဆံရေး တန်ဖိုးများကို သတိထားမိသဖြင့် Kuntoroသည် ဂန်ထမ်းတစ်ယောက်စီအား အခြား အုပ်စုအဖွဲ့ဝင်များနှင့် အံဝင်ခွင်ကျရန် မျှော်လင့်သည်။

မေးခွန်း၅

အောက်ပါတို့မှ မည်သည့်အချက်သည် အင်ဒိုနီးရှား delivery unit တွင် အစိုးရ ဂန်ကြီးများ ပိုမိုညှိနှိုင်းဆောင်ရွက်ရန်နှင့် ဆုံးဖြတ်ချက် အရည်အသွေးကောင်းလာစေရန် ဆောင်ရွက်သည့် အဆင့်မဟုတ်သနည်း။

- ယူနစ်သည် ဦးစားပေးများနှင့် တိုးတက်မှုကို စောင့်ကြည့်သည်။ အစပိုင်းတွင် ၂၅ရက်တခါ လုပ်ငန်းများကို စောင့်ကြည့်ပြီး တိုးတက်မှုကို အရောင်လေးခုဖြင့် တိုင်းတာသည်။ ၅၀%နှင့် အောက်မပြီးသေးလျှင် အနီရောင်၊ ၅၁% မှ ၇၅% အထိပြီးစီးလျှင် အဝါရောင်၊ ၇၆%မှ ၁၀၀% အထိပြီးစီးလျှင် အစိမ်းရောင်၊ သတ်မှတ်ချက်များ ကျော်လွန်လျှင် အပြာရောင် အဖြစ် သတ်မှတ်သည်။
- ၂၀၀၉ နောက်ပိုင်းတွင် ဒုသမ္မတသည် ညှိနှိုင်းရေး အစည်းအဝေးများကို နှစ်ပတ်တစ်ခါ ပြုလုပ်သည်။ အဆိုပါ အစည်းအဝေးများတွင် အကောင်အထည်ဖော်ရေး စိန်ခေါ်မှုများကို ထိရောက်စွာ ဖြေရှင်းနိုင်ရန်ဖြစ်သည်။ အထူးသဖြင့် လမ်းကြောင်းလွဲနေသည့် စီမံကိန်းများအတွက်ဖြစ်သည်။
- delivery unit များသည် အခက်အခဲများကို စောင့်ကြည့်ရေးစနစ်တစ်ခုဖန်တီးပြီး ပြဿနာများကို ဒုသမ္မတထံ တင်ပြသည်။ ယူနစ်အရာရှိများသည် အစည်းအဝေးများ မတိုင်မီ အခြေအနေများကို သုံးသပ်ပြီးမည်သည့်အချက်များ မှားနေသည်ကို ဆန်းစစ်သည်။

- ကတ်ဘိနက်ရုံး အကြီးအကဲသည် ဝန်ကြီးများအတွက် မူဝါဒ စာတမ်းများ နှင့် အစည်းအဝေးဆွေးနွေးချက်များအတွက် အာဂျန်ဒါကို ဖြန့်ဝေထားသည်။ ထိုအာဂျန်ဒါသည် တစ်မျက်နှာ သို့ နှစ်မျက်နှာရှိပြီး အဓိက မူဝါဒ အဆိုပြုချက် ပါဝင်သည့်အကြောင်းအရာများ၊ ရွေးချယ်သည့်အချက်များ၊ တာဝန်ယူသည့် ဝန်ကြီးဌာနများနှင့် လုပ်ငန်းများ စသည်တို့ပါဝင်သည်။